ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၄၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ၁၆-၉-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရွှေ့ပြောင်းရေလုပ်သားများကိစ္စ ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အိုဇုန်းလွှာထိန်းသိမ်းရေး အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ ကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**သရေခေတ္တရာ ပျူမြို့ဟောင်းအား UNESCO အဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ စံချိန်စံညွှန်းများ နှင့်အညီ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်ထောင်စုအဆင့် Master Plan ရေးဆွဲ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် က သရေခေတ္တရာပျူမြို့ဟောင်းအား UNESCO အဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် အညီ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်ထောင်စုအဆင့် Master Plan ရေးဆွဲ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်း ကတော့ သရေခေတ္တရာပျူမြို့ဟောင်းအား UNESCO အဖွဲ့ကြီးရဲ့ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ စံချိန်စံညွှန်း များနှင့်အညီ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်ထောင်စုအဆင့် Master Plan ရေးဆွဲ

ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ အကယ်၍ အချိန်မလုံလောက်ပါက အနည်းငယ်ထပ်ဆောင်းပေးပါရန် ကြိုတင်တောင်းပန်အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သရေခေတ္တရာပျူမြို့ဟောင်းဟာ ပြည်မြို့ရဲ့ အရှေ့ဘက် (၅)ကီလိုမီတာအကွာမှာ ရှိပါတယ်။ ဒီမြို့ဟောင်းကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ ကာတာနိုင်ငံ၊ ဒိုဟာမြို့မှာ ကျင်းပခဲ့တဲ့ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံကနေပြီးတော့ မြန်မာနိုင်ငံအတွက် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရတဲ့ ပထမဦးဆုံးသောမြို့ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးက တန်ဖိုးထားဂုဏ်ယူရတဲ့ ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းမြို့ဖြစ်ခြင်းကြောင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရာမှာ အကူအညီများ ရရှိတဲ့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကြောင့် ဒေသခံများရဲ့ လူမှုစီးပွားဘဝများ တိုးတက်လာမယ်လို့ မျှော်လင့်ထားခဲ့ပါတယ်။

သို့သော် (၂)နှစ်ခန့်ကြာသွားသော်လည်းပဲ ပိုမိုတိုးတက်လာခြင်းမရှိဘဲ ဒေသခံပြည်သူလူထုက နေအိမ်တိုးချဲ့ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းမှအစ ကျန်းမာရေးအတွက် အိမ်သာဆောက်လုပ်ခြင်းအဆုံး ကန့်သတ်မှုများကြောင့် အနေဆင်းရဲမှု၊ စိတ်မချမ်းသာမှု၊ မွန်းကြပ်မှုများ ဖြစ်ပေါ်နေကြပါတယ်။ ဒါ့အပြင် သတ်မှတ်ထားသော ယဉ်ကျေးမှု ဇုန်အတွင်း ကျူးကျော်နေထိုင်မှုများကြောင့်လည်းပဲ ကမ္ဘာ့အမွေအနှစ် စံချိန်စံညွှန်းနှင့် မကိုက်ညီတဲ့ အခြေအနေမျိုး ရောက်ရှိနေပါတယ်။ မူလနေထိုင်သူတို့ရဲ့ မိသားစုဦးရေတိုးတက်မှုကြောင့် အမှန်တကယ် နေထိုင်ရန်မရှိ၍ ကျူးကျော်ရခြင်းများရှိသကဲ့သို့ စီးပွားရေးလောဘဇောကြောင့် ဖွင့်လှစ်လာသော ဆိုင်ကြီးများနှင့် အဆောက်အဦသစ်များကြောင့်လည်းပဲ ရှေးဟောင်းယဉ်ကျေးမှုဇုန်ရဲ့ သတ်မှတ်စံညွှန်းကို ထိခိုက်လာတဲ့ အခြေအနေသို့ ဆိုက်ရောက်လာရပါတယ်။

တကယ်လို့များ နောက်ထပ် နှစ်အနည်းငယ်အတွင်းမှာ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိပါက အန္တရာယ်ရှိသော အမွေအနှစ်ဇုန်အဖြစ် သတိပေးခံရခြင်း၊ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိတော့ဟု တွေ့ရှိပါက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နိုင်ငံအဖြစ်မှ ပြန်လည်ပယ်ဖျက်ခံရခြင်းတို့အထိ လုပ်ဆောင်လာနိုင်ပါတယ်။ သို့ပါ၍ အမွေအနှစ်ဒေသအတွင်း နေအိမ်ပြင်ဆင်ခြင်း၊ လမ်းဖောက်ခြင်းများအပေါ် ဒေသခံများ မွန်းကြပ်မှု မရှိစေရန် စီမံမှုများထားရှိခြင်း၊ အမွေအနှစ်အဆောက်အဦနှင့် မလွတ်ကင်းသော ဒေသခံတိုးပွားမိသားစုများနေထိုင်ရန် မြေယာကွက်များ ထုတ်ဖော်ပေးခြင်း၊ ဥပဒေနှင့်မညီဘဲနဲ့ စီးပွားရေးလောဘဇောဖြင့် ဆောက်ထားသော အဆောက်အဦများအပေါ်မှာ အရေးယူဆောင်ရွက်ခြင်းများနှင့် စသည်တို့အပေါ်မှာ အခြေခံပြီးတော့မှ သရေခေတ္တရာပျူမြို့ဟောင်းအား ပျူမြို့ဟောင်း ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာစံချိန်စံညွှန်းနှင့်အညီ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်ထောင်စုအဆင့် Master Plan ရေးဆွဲပြီး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ ရှိလျှင် မည်သည့်အချိန် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံများကိုယ်စား သက်ဆိုင်ရာသို့ မေးမြန်းလိုက်ရပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကို ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါက်တာဝင်းမြင့်ချစ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေဆိုတင်ပြသွားမှာဖြစ်ပါတယ်။ ပျူရှေးမြို့ဟောင်းများပေ့ါ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့ကို တွဲဆက် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် (Serial World Cultural Heritage) အဖြစ်နဲ့ ကာတာနိုင်ငံ၊ ဒိုဟာမြို့မှာ ကျင်းပတဲ့ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးရဲ့ ၂၂-၆-၂၀၁၄ ရက်နေ့မှာ ဆုံးဖြတ်သတ်မှတ်ခဲ့ပါတယ်။

ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်နိုင်မှု ဆောင်ရွက်တဲ့နေရာမှာ အောက်ဖော်ပြပါ စာတွဲ(၂)တွဲကို ဦးစွာ ပြုစုတင်ပြအပ်ပါတယ်။ အဲဒီ စာတွဲများကတော့ ယဉ်ကျေးမှုအမွေအနှစ်တို့ရဲ့ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက် တင်ပြချက်စာတွဲ၊ (Pyu Ancient Cities, Volume: One- Nomination Dossier of Outstanding Universal Value in Pyu Ancient Cities) နဲ့ နောက်တစ်ချက်ကတော့ ယဉ်ကျေးမှုအမွေအနှစ်တို့ရဲ့ စီမံခန့်ခွဲမှု အစီအစဉ်တင်ပြချက် စာတွဲ၊ (Pyu Ancient Cities, Volume Two- Property Management Plan For Pyu Ancient Cities) တို့ဖြစ်ပါတယ်။ တင်ပြချက်စာတွဲ(၂)တွဲကို တင်ပြပြီးတဲ့အခါမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့မှ ယဉ်ကျေးမှုဝန်ကြီးဌာန ပျူရှေးမြို့ဟောင်းများ ညှိနှိုင်းကြီးကြပ်ရေးကော်မတီဗဟို၊ ပျူရှေးမြို့ဟောင်းများ ညှိနှိုင်းကြီးကြပ်ရေးကော်မတီခရိုင်အဆင့်နှင့် ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ စသည့်စီမံခန့်ခွဲမှုအဆင့်ဆင့်ဖြင့် ၂၀၁၃ ခုနှစ်၊ မေလမှ စတင်ကာ ယနေ့အထိ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ယဉ်ကျေးမှုအမွေအနှစ်တို့ရဲ့ စီမံခန့်ခွဲမှု အစီအစဉ်ဟာ တင်ပြချက်စာတွဲများဟာ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် ကာလအတွင်း ရည်မှန်းချက်(၄)ရပ်ဖြစ်တဲ့ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းခြင်း၊ သုတေသနပြုခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်အညီ ဒေသခံလူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အထက်ဖော်ပြပါလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်သော ဘဏ္ဍာငွေ၊ ဥပဒေ၊ နည်းဥပဒေနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စသည်တို့ကို ရေးသားတင်ပြထားရပါတယ်။

ထို့အတူ အမွေအနှစ်တို့ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် လိုအပ်တဲ့အဓိက စီမံခန့်ခွဲရမည့် အကြောင်းအရာများ၊ ထိန်းသိမ်းကာကွယ်ရမယ့် ဆောင်ရွက်မှုများ၊ နှစ်ကာလအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများ စသည်တို့ကိုလည်းပဲ ဖော်ပြရ

ပါတယ်။ အထူးသဖြင့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြခဲ့တဲ့ အမွေအနှစ်စီမံခန့်ခွဲမှုအစီအစဉ် (Property Management Plan) မှာ အောက်ဖော်ပြပါ အကြောင်းအချက်များကို ရေးဆွဲတင်ပြခဲ့ပြီးတော့မှ တင်ပြပါအတိုင်း နှစ်အလိုက် (Time bound Action Plan) ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီ့အချက်များကတော့ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်ကာလအတွင်း ဘဏ္ဍာနှစ်အလိုက် (၅)နှစ်အချိန်ကာလအတွင်းမှာဆောင်ရွက်မယ့် လုပ်ငန်းအသေးစိတ်ကို ဖော်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်က စပြီးတော့မှ ယနေ့ထိ အဓိကစီမံခန့်ခွဲရမယ့် အကြောင်းအရာ(၈)ခုဖြစ်တဲ့ မူဝါဒ၊ စီမံခန့်ခွဲမှုနှင့် အစီအစဉ်၊ သုတေသန၊ ထိန်းသိမ်းရေး၊ ပြုပြင်စောင့်ရှောက်မှု၊ မြေယာပိုင်ဆိုင်မှု၊ မြေအသုံးချမှု၊ ခရီးသွားဧည့်သည်များအတွက် လိုအပ်ချက်နှင့် အခြေခံအဆောက်အအုံများပံ့ပိုးမှု၊ သတင်းအချက်အလက်နှင့် အဓိပ္ပာယ်တိကျစွာဖော်ပြနိုင်မှု၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီး မှုတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ယူပြီးတော့မှ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိရပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ အချိန်ကာလအလိုက် ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်သော အပိုင်းအနေဖြင့် အမွေအနှစ် စီမံခန့်ခွဲတဲ့ အစီအစဉ် (Management Plan) ရေးသားတင်ပြထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုနဲ့ပတ်သက်၍ အတတ်ပညာ၊ နည်းပညာ၊ စီမံခန့်ခွဲမှုအစီအစဉ် (Management Plan) လို့သုံးနှုန်းပြီးတော့မှ အဲဒီ စီမံခန့်ခွဲမှုအစီအစဉ်ကနေပြီးတော့မှ ဆောင်ရွက်ချက်များသည် UNESCO နဲ့ ကမ္ဘာ့အမွေအနှစ်ကော်မတီတို့မှလည်း လက်ခံအတည်ပြုသတ်မှတ်ခဲ့သကဲ့သို့ မိမိတို့နိုင်ငံဘက်ကလည်း အကောင်အထည်ဖော် ဆောင်ရွက်ပါမည် ဟု ပြန်လည်အတည်ပြုပြောကြားထားတဲ့ အချက်များဖြစ်ပါတယ်။ ပျူရှေးမြို့ဟောင်းများအတွင်းမှာ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တို့တွင် ဝန်ကြီးဌာန၊ ဦးစီးဌာန နောက် ဆက်စပ်နေတဲ့ ဦးစီးဌာနတို့ရဲ့ ဘဏ္ဍာငွေတို့ဖြင့် ထိန်းသိမ်းရေး၊ သုတေသနနှင့် ဒေသခံလူမှုအဖွဲ့အစည်းတို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံ ကျွန်တော်တို့ UNESCO က လက်ခံထားတဲ့ လမ်းမကြီး၊ လမ်းသွယ်များ စသည်တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အကြား စီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်ပြီးစီးမှုများ အခြေအနေတို့ကို ဆက်စပ်ဌာနများက ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပြန်လည်ညှိနှိုင်း အကဲဖြတ်ကာ လိုအပ်တဲ့ ပြင်ဆင်တိုးချဲ့ ဖြည့်စွက်ခြင်းတို့ကိုလည်းပဲ ၂၀၁၆၊ ၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် လျာထားပါတယ်။ ၂၀၁၆ ခုနှစ်ကနေပြီးတော့ ၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တို့မှာ ဒေသခံပြည်သူနဲ့ လူမှုအဖွဲ့အစည်းတို့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်မည် ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းအတွက်ကို ဆောင်ရွက်တဲ့အခါမှာ ဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လည်း အထူးအရေးကြီးပါတယ်။ Management Plan ရေးဆွဲတဲ့လုပ်ငန်းသည် ပျူရှေးမြို့ဟောင်းအပါအဝင် ဒေသကြီးတစ်ခုလုံးအတွက် လိုအပ်တဲ့ ဘက်စုံလွှမ်းခြုံစီမံကိန်း အစီအစဉ်ဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသာ မကဘဲနဲ့ အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့်မှ ဦးဆောင်ပြီးတော့မှ

ညှိနှိုင်းပေါင်းစပ်မယ့် လုပ်ငန်းများလည်း ရှိပါတယ်။ သို့ပါ၍ ယခု ၂၀၁၆၊ ၂၀၁၇ ဘဏ္ဍာရေးနှစ်ရဲ့ အဓိက ဦးစားပေးဆောင်ရွက်မယ့် လုပ်ငန်းအစီအစဥ်သည် တိုးပွားလာမယ့် ဒေသခံပြည်သူများ အတွက် လိုအပ်တဲ့ မြို့ပြ၊ မြို့သစ်ဖော်ထုတ် တည်ဆောက်ရေးလုပ်ငန်းဖြစ်ပါတယ်။ ထိုလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော် အဆင့်တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဒီဆက်စပ်နေတဲ့ ဌာနများဆိုတဲ့နေရာမှာ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်လို့ရှိရင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ဆောင်ရွက်ရန် ဖြစ်ပါတယ်။ နောက် မြို့ရွာသစ်များ တိုးချဲ့တဲ့အခါမှာ (Town Plan) အသစ်များ အတွက်ကို သက်ဆိုင်ရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ နောက် မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနအပြင် ပြည်ထဲရေးဝန်ကြီးဌာနတို့တွေပါ ပူးပေါင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန အနေနဲ့ကတော့ ကျွန်တော်တို့ UNESCO နဲ့ ပူးပေါင်းပြီးတော့မှ UNESCO ရဲ့ စံချိန်စံညွှန်းများနဲ့အညီ ရှေးဟောင်းအမွေအနှစ်တွေ ကို တူးဖော်မယ်။ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်ပါ တယ်။

ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေကို ကျွန်တော်တို့ ခုန အကောင်အထည်ဖော်ဆောင်ရွက်မယ် ဆိုတာနဲ့ ခုန ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာ မေးမြန်းထားတဲ့အထဲမှာ ကျွန်တော်တို့ စီးပွားရေး လုပ်ငန်းရှင်များကနေပြီးမှ ခုန စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့လာတယ်။ ဆိုင်တွေ၊ ကနားတွေ ဆောက် လာတယ်။ ကျူးကျော်အိမ်တွေဖြစ်လာတာသည် ကျွန်တော်တို့ ခုန ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ နဲ့ ပူးပေါင်းဆောက်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ ဒါကို ကျွန်တော်တို့က ခုန အန္တရာယ်ရှိတဲ့ပေါ့၊ ကျွန်တော်တို့က Heritage in Danger မဖြစ်ဖို့အတွက်ကို လည်းပဲ လိုအပ်တဲ့ အစီအမံတွေကို ကျွန်တော်တို့ ရေးဆွဲနေပါတယ်။ ခုန Master Plan ဆိုတဲ့နေရာမှာ ခုနအပိုင်းလိုက် ပို့ဆောင်ဆက်သွယ်ရေးနဲ့ Master Plan နောက် Tourism နဲ့ ပတ်သက်တဲ့ Master Plan၊ ဒီ Plan ကိုတော့ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကနေပြီးတော့ ရေးဆွဲပေးပါတယ်။

နောက် မြို့ကွက်အသစ်များ နေရာချထားရေးဟာ ဒါကိုလည်း ဆောက်လုပ်ရေးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အဲဒီ့အပိုင်းလိုက် Plan တွေ ပေါင်းလိုက်တဲ့အခါမှာ ခုနအားလုံး လွှမ်းခြုံတဲ့ Master Plan ကြီးဖြစ်လာမှာ ဖြစ်ပါတယ်။ အပိုင်းလိုက် Plan များကိုတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကနေမှ ရေးဆွဲနေပြီးတော့ လုပ်ငန်းတိုးတက်မှုကို (၆)လတစ်ကြိမ် ပြန်လည် ပူးပေါင်း ညှိနှိုင်းမှုအတွက်ကို စီမံထားရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ၂၀၁၄ ခုနှစ်က ကမ္ဘာ့အမွေအနှစ် မှတ်တမ်းစာရင်းဝင် ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း အဲဒီကာလတွေတုန်းက ခုနက ကျွန်တော်တို့ ASEAN Summit , SEA Games အားကစားပွဲတော်၊ ရွေးကောက်ပွဲ၊ အစိုးရအဖွဲ့ ပြောင်းခဲ့တာတွေနဲ့ ဒီလိုလုပ်ငန်းတွေ များပြားတဲ့အတွက်ကြောင့်မို့လို့ ဒီအပေါ်မှာ အာရုံစိုက်မှု နည်းပါးခဲ့ကြောင်း၊ ကျွန်တော်တို့ဝန်ခံရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ခုနက ကိုယ်စားလှယ်တော်ကြီးနှင့်တကွ အများပြည်သူတွေ လိုလားချက်တွေနဲ့ အညီ ဒီဟာကို ပြီးပြည့်စုံတဲ့ Master Plan ဖြစ်ဖို့အတွက်ကို ဌာနများပေါင်းစပ်ပြီးတော့မှ ကျွန်တော်တို့ ဒုတိယသမ္မတဦးစီးတဲ့ ခုန အမျိုးသား National Plan အကောင်အထည်ဖော်ရေး ကော်မတီ ပြန်လည်

ဖွဲ့စည်း တင်ပြဆောင်ရွက်သွားဖို့ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမေးမြန်းမယ့် မေးမြန်းဟာ မေးခွန်းများဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်း က ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၄ အရ "မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ" ကို မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နည်းဥပဒေများကို မည်သည့်အချိန်တွင် ရေးဆွဲပြီးစီး ပြဋ္ဌာန်းနိုင်မည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၄ အရ "မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ" ကို မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နည်းဥပဒေများကို မည်သည့်အချိန်တွင် ရေးဆွဲပြီးစီး ပြဋ္ဌာန်းနိုင်မည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကျွန်တော်တို့နိုင်ငံမှာ အားနည်းချက်ရှိတဲ့ ဒီမသန်စွမ်း သူများအပေါ်မှာ လေးစားအသိအမှတ်ပြုတတ်တဲ့ ယဉ်ကျေးတဲ့ နိုင်ငံကြီးတစ်ခုအဖြစ် တည်ဆောက်နိုင် ကြပါစေလို့ ဂါရဝပြု နှုတ်ဆက်ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ အချိန်မလုံ လောက်မှာဖြစ်တဲ့အတွက် အချိန်ထပ်တိုးပေးဖို့ အခုကတည်းက လေးစားစွာ တောင်းပန်အပ်ပါတယ်။ အသန်စွမ်းသူများဟာ မသန်သော်လည်း သန်တဲ့ လူတွေထက် အစွမ်းထက်တဲ့ လူတွေ ဖြစ်ပါတယ်။ မသန်စွမ်းသူတွေဟာ သာမန်လူသားတွေထက် စိတ်ဓာတ်ပိုပြီးတော့ ကြံ့ခိုင်ကြလို့သာ အခုလို သာမန် လူတွေလို ရှင်သန်လှုပ်ရှားရုန်းကန်နေနိုင်ကြတာ ဖြစ်ပါတယ်။ သာမန်လူသားတစ်ယောက်ထက် ပိုပြီး တော့လည်း အခက်အခဲတွေကို ရင်ဆိုင်နိုင်စွမ်း သတ္တိပိုမိုရှိကြလို့လည်း မသန်စွမ်းသူများကို ယနေ့ ယဉ်ကျေးတဲ့ ကမ္ဘာကြီးကနေပြီးတော့ အသိအမှတ်ပြု လေးစားလျက်ရှိကြတာ အားလုံးသိမှာဖြစ်ပါတယ်။

သို့သော်လည်း ယဉ်ကျေးလှပါတယ်ဆိုတဲ့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ ဒီမသန်စွမ်းသူတွေဟာ လျစ်လျူရှုခံနေရပြီးတော့ မသန်စွမ်းသူ စုစုပေါင်းရှိတဲ့ (၂)သန်းနဲ့ (၃)သိန်းကျော်ဟာ မသန်စွမ်းသူအခွင့်အရေး ဥပဒေမှာပါတဲ့ ကျွန်တော်တို့ အခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးနေရတယ် ဆိုတာလည်း တင်ပြလိုပါတယ်။ ဒီမသန်စွမ်းသူ အခွင့်အရေးတွေဖြစ်တဲ့ ကုလသမဂ္ဂ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်တွေ ပိုမိုထိရောက်အကောင်အထည် ဖော်နိုင်စွမ်းလည်း မခံစားရပါဘူး။ နိုင်ငံသားများရဲ့ ခံစားခွင့်ရှိတဲ့ လူ့အခွင့်အရေးနဲ့ အခြေခံအခွင့်အရေး တွေကို မသန်စွမ်းသူ အားလုံး တန်းတူညီမျှ အပြည့်အဝ ရရှိရမယ် ဆိုပေမယ့်လည်း မရရှိပါဘူး။ ကျွန်တော်တို့ မသန်စွမ်းသူများရဲ့ ဂုဏ်သိက္ခာ၊ စွမ်းရည်နဲ့ စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နဲ့ နိုင်ငံသားများက အသိအမှတ်ပြုရမယ်ဆိုပေမယ့် အသိအမှတ်ပြုမခံရပါဘူး။ မသန်စွမ်းသူများရဲ့ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ဆိုတာလည်း ဘာမှမရှိပါဘူး။ မသန်စွမ်းသူများကို နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင်၊ အလွဲသုံးစားခံရမှု၊ ခေါင်းပုံဖြတ် ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူအမျိုးသမီးနဲ့ ကလေးတွေကို အထူးကာကွယ်ပေးရန် ဘာမှလဲ ကျွန်တော်တို့ အကာအကွယ်မရှိတဲ့ အနေအထားမှာ အခုခံစားနေရပါတယ်။ အဲဒီအပြင် မသန်စွမ်းသူတွေကို ပညာရေးဆိုင်ရာ အခွင့်အရေးတွေ၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးတွေ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး အခွင့်အရေးတွေ၊ မသန်စွမ်းသူများ ဘဝရပ်တည် ရှင်သန်ရေးအတွက် အလုပ်အကိုင် အခွင့်အရေးတွေလည်း ဘာမှမရှိပါဘူး။

ဥပမာအားဖြင့် ပြောရရင် ဒီမသန်စွမ်းသူတွေအတွက် အသင့်လျော်ဆုံးအလုပ်ဖြစ်တဲ့ ပညာရေးဝန်ကြီးဌာနမှာတောင် နည်းနည်းလေး မသန်းစွမ်းဖြစ်တဲ့ အနေအထားတွေ့တာနဲ့ကို အင်မတန် နစ်နာနေတဲ့ အခွင့်အရေး ဆုံးရှုံးမှု ဖြစ်ပါတယ်။ အဲဒီတော့ မသန်စွမ်းသူမှတ်ပုံတင် အခွင့်အရေးကလည်း မရပါဘူး။ ဒီလိုအခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးလျက်ရှိပါတယ်။ ဒီလို အားနည်းချက်ရှိကြတဲ့ လူသားတွေဖြစ်ကြတဲ့ အတွက် ဒီလိုအခွင့်အရေးတွေ ဆုံးရှုံးနေခြင်းဟာ အချိန်နဲ့အမျှ နေ့စဉ်နဲ့အမျှ ထိခိုက်နစ်နာ ဆုံးရှုံးလျက်ရှိကြတယ်ဆိုတာကို ကျွန်တော်တို့ စာနာထောက်ထားခြင်းအားဖြင့် သိရှိနိုင်ပါတယ်။ အဲဒီအခွင့်အရေးတွေကို ရရှိဖို့အတွက် မသန်စွမ်းသူအခွင့်အရေးဆိုင်ရာ နည်းဥပဒေနဲ့ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ အမျိုးသားကောင်စီကို အမြန်ဆုံးရေးဆွဲ ဖွဲ့စည်းပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို မည်သည့်အချိန်မှာ ဖွဲ့စည်းမလည်း၊ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ နည်းဥပဒေကို ဘယ်အချိန်မှာ ရေးဆွဲလို့ ပြီးစီးပြဋ္ဌာန်းနိုင်မှာလည်းလို့ လေးစားစွာမေးလိုပါတယ်။ ဒီဥပဒေပြဋ္ဌာန်းပြီးတာ နှစ်ပေါက်နေပါပြီ။ အခုထက်ထိ မလုပ်နိုင်တဲ့အတွက်၊ မလုပ်သေးတဲ့အတွက်၊ လျစ်လျူရှုခံနေရတဲ့အတွက်၊ အများကြီးနစ်နာနေတဲ့အတွက် အခုလို မသန်စွမ်းသူများကိုယ်စား လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်များတွင် ခိုကိုးရာမဲ့တောင်းရမ်း စားသောက်နေသူများအား ပြုစုစောင့်ရှောက်၍ ၎င်းတို့ဘဝများ ပြန်လည်ရှင်သန်လာအောင် လုပ်ဆောင်ပေးမည့် စီမံကိန်းတစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်များတွင် ခိုကိုးရာမဲ့တောင်းရမ်း စားသောက်နေသူများအား ပြုစုစောင့်ရှောက်၍ ၎င်းတို့ဘဝများ ပြန်လည်ရှင်သန်လာအောင် လုပ်ဆောင်ပေးမည့် စီမံကိန်းတစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက (၂)မိနစ်ခန့် တိုးပေးဖို့ ဥက္ကဋ္ဌကြီးအား ကြိုတင်တောင်းခံအပ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်း မြို့နယ်ပေါင်း (၃၃၀)ရှိ ဈေး၊ ကျောင်း၊ ကားဂိတ်နှင့် လေဆိပ် အစရှိသည့် လူစည်းကားတဲ့နေရာများ၌ တောင်းရမ်းစားသောက်နေကြသူများမှာ လွန်ခဲ့သော အနှစ်(၂၀)ကျော်လောက်က အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် လွန်စွာမှ များပြားလာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဆိုပါ တောင်းရမ်းစာသောက်သူများကို လေ့လာကြည့်မယ်ဆိုရင်လည်း အများစုမှာ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် AIDS ကဲ့သို့သော ကူးစက်ရောဂါ ဝေဒနာတစ်ခုခု စွဲကပ်နေသူများနှင့် စိတ်ရောဂါ ဝေဒနာရှင်များ ဖြစ်ကြပါတယ်။ တောင်းရမ်းစားသောက်သူများ ထိုကဲ့သို့ ဘေးဒုက္ခ ခံစားကြုံတွေ့ရခြင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး မရရှိသဖြင့် စစ်ဘေး၊ စစ်ဒဏ်ကြောင့် ကိုယ်လက်အင်္ဂါများ ဆုံးရှုံးခြင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ဆင်းရဲဒုက္ခရောက်ခြင်း၊ မိဘမဲ့ဖြစ်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်ခြင်း၊ မိမိတို့နိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးသဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ရာမှ အဆိုပါ နိုင်ငံများမှ AIDS အစရှိသော ကူးစက်ရောဂါများ ရရှိခံစားလာရခြင်းနဲ့ မူးယစ်ဆေးဝါး သုံးစွဲလာခြင်းတို့ကြောင့် စိတ်ရောဂါဝေဒနာများ ခံစားရခြင်းတို့ ဖြစ်ပါတယ်။ အဆိုပါ ဘေးဒုက္ခပေါင်းများစွာကို ခံစားရသူများမှာ ကိုယ့်ခွန်ခွန်အားဖြင့် ရပ်တည်နေထိုင်စားသောက်နိုင်ရန် မစွမ်းတော့သဖြင့် ခိုကိုးရာမဲ့ဘဝများကို ရောက်ရှိပြီး စားဝတ်နေရေးအတွက် တောင်းရမ်းစားသောက်နေကြရပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေဖြင့် အကူအညီပေးဖို့ လိုအပ်လှပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၊ ၃၂ (က) မှာလည်း နိုင်ငံတော်သည် မိခင်နှင့်ကလေးများ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ရမည်ဟု ပါရှိပါတယ်။ နောက်တစ်ချက် ကျွန်တော့်အနေနဲ့ နမူနာယူစရာ၊ အတုယူစရာတစ်ခုကို ပြောပြရမယ်ဆိုရင် ၁၉၆၇ ခုနှစ်တုန်းကစလို့ စင်ကာပူနိုင်ငံမှာ ဘယ်သူ့ကိုမှ လမ်းပေါ်ထွက်ပြီး တောင်းရမ်းစားသောက်ခွင့် မပြုထားပါဘူး။ တောင်းရမ်းနေတဲ့သူတွေကို တွေ့လို့ရှိရင် အစိုးရက နေစရာအိမ်တစ်အိမ်ထားပေးလိုက်ပြီး စားစရာတွေ ကျွေးလိုက်ပါတယ်။ တောင်းရမ်းသူများကို သန့်ရှင်းရေးအဖွဲ့အဖြစ် ဖွဲ့စည်းလိုက်ပြီး သန့်ရှင်းရေးအလုပ်တွေ လုပ်ကိုင်ခွင့်ပေးလိုက်တဲ့အခါမှာ (၂)နှစ်(၃)နှစ်အတွင်းမှာဘဲ စင်ကာပူနိုင်ငံဟာ အာရှမှာ အသန့်ရှင်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဒါဟာ အတုယူစရာဖြစ်ပါတယ်။ ဒါကို လေ့လာမယ်ဆိုလို့ရှိရင်လူတိုင်းလူတိုင်းမှာ ကိုယ်ပိုင်အစွမ်းအစတွေ ရှိကြပါတယ်။ သူ့နေရာနဲ့သူ အသုံးဝင်အောင် ပြုစုပျိုးထောင်ပေးဖို့လည်း လိုအပ်လှပါတယ်။ ပြည်သူ့ကို ကိုယ်စားပြုသည့် အစိုးရသစ်အနေဖြင့် အပြောင်းအလဲများ ဆောင်ရွက်ရာတွင် လူအများစု၏ အကျိုးကို ဆောင်ရွက်ပေးရုံမကဘဲ လူအနည်းစုရဲ့ဘဝတွေ ပြန်လည်ရှင်သန်လာအောင် ပြုစုပျိုးထောင်ပေးဖို့ လိုအပ်လှပါတယ်။

ဒါကြောင့်မို့လို့ ခိုကိုးရာမဲ့ တောင်းရမ်းစားသောက်နေရသော မသန်စွမ်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများနှင့် ရောဂါဝေဒနာသည်တို့ကို ယိုင်နဲ့နေတဲ့ စိတ်ဓာတ်တွေ ပြန်လည်တည့်မတ်ပေးပြီး သူတို့ရဲ့ဘဝတွေ လုံခြုံပြီး ပြန်လည်ရှင်သန်နိုးထလာဖို့အတွက် အစိုးရသစ်တစ်ရပ်အနေဖြင့် စီမံကိန်းတစ်ရပ်ကို ရေးဆွဲ ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ ကို နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးသော၊ အဆင်းရဲဆုံးသော ပြည်သူတို့၏အကျိုးကို ရည်မျှော်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး(၂)ဦးရဲ့ မေးခွန်းများနဲ့ပတ်သက်ပြီး တစ်ဆက်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး မေးမြန်းထားရှိတဲ့ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ တွင် ပြဋ္ဌာန်းခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၄ အရ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နည်းဥပဒေကို မည်သည့်အချိန်တွင် ရေးဆွဲပြီးစီးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၀) ဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၄ အရ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ ကော်မတီမှာ ပါဝင်တဲ့ အဆိုပြု ကိုယ်စားလှယ် အမည်စာရင်းကို မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သို့ တောင်းခံခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှာ ကိုယ်စားလှယ်အမည်စာရင်းများ ရရှိခဲ့ပါတယ်။ သို့သော်လည်း လျာထားအမည်စာရင်းများအား အခြားသော မသန်စွမ်းအဖွဲ့အစည်း(၃)ခုနှင့် ဒုတိယရွေးချယ် ဦးစား ပေးခြင်းခံရသူ(၂)ဦး၏ တောင်းဆိုချက်အရ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၅ ရက်နေ့မှာ ပြန်လည် စိစစ်ပေးရန် တင်ပြလာသဖြင့် ထပ်မံစိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ မသန်စွမ်းသူများအဖွဲ့အားလုံး ကိုယ်စားပြု ရွေးချယ်ထားသည့် မသန်စွမ်းသူများအသင်းချုပ်နဲ့ညှိနှိုင်း၍ အမျိုးသားကော်မတီ ဖွဲ့စည်း နိုင်ရန် မသန်စွမ်းကိုယ်စားလှယ် အမည်စာရင်းနဲ့ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ၏ အမည်စာရင်း ပြုစုခြင်း၊ ကိုယ်ရေးရာဇဝင်များအား အပြီးသတ်တောင်းခံ၍ ဆက်လက်ပြုစုခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။ အမျိုးသားကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် မသန်စွမ်းအသင်းအဖွဲ့များ၊ အချင်းချင်းကြား ပြန်လည် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေသေးခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေး ရခြင်းများ ဆောင်ရွက်လျက်ရှိသောကြောင့် ကြန့်ကြာခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

မသန်စွမ်းသူများရဲ့ နည်းဥပဒေရေးဆွဲရေးဆိုင်ရာ မေးခွန်းနဲ့ ပတ်သက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နည်းဥပဒေ ရေးဆွဲနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့အထိ ညှိနှိုင်းဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ (၇)ကြိမ် ကျင်းပခဲ့ပြီး နည်းဥပဒေ (မူကြမ်း)ကို ရေးဆွဲခဲ့ပါတယ်။ နည်းဥပဒေ (မူကြမ်း)အား မသန်စွမ်းသူများနှင့် မသန်စွမ်းအသင်းအဖွဲ့ များမှ လိုအပ်သည်များ အကြံပြုနိုင်ရေးအတွက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဟာ နည်းဥပဒေ ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ပထမအကြိမ်ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးမှာ နည်းဥပဒေပါ အချက်များကို ဖတ်ရှုပြင်ဆင် ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။ ပထမအကြိမ် အစည်းအဝေးမှ ရရှိလာသော ဖြည့်စွက်ပြင်ဆင်ချက်များအပေါ် မူတည်၍ အားနည်းချက်၊ အားသာ ချက်များ၊ သုံးသပ်ပြင်ဆင်ဖြည့်စွက်ခြင်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဆက်လက်ပြီး ပထမအကြိမ်နဲ့ ဒုတိယအကြိမ် အစည်းအဝေးတို့မှ ရရှိလာသော အချက် အလက်တို့ကို မသန်စွမ်းသူများပါ သိရှိပါဝင်နိုင်စေရေးအတွက် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့်

ဖော်ပြကြေညာသွားရန်ဖြစ်ပါတယ်။ ဖြည့်စွက်ပြင်ဆင်ပြီးသော နည်းဥပဒေ (မူကြမ်း)ကို စက်တင်ဘာလ ၃၀ ရက်နေ့မှာ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပြန်လည်ပေးပို့မှာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနသို့ (မူကြမ်း) ပြန်လည်ပေးပို့ပါက ညှိနှိုင်းအစည်းအဝေးများ ထပ်မံခေါ်ယူရမယ့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မသန်စွမ်းကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲများကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည် (၂)ပိုင်းခွဲ၍ ကျင်းပနိုင်ရန်အတွက်လည်း ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပြီး နည်းဥပဒေကို ၂၀၁၇ ခုနှစ်၊ မတ်လမတိုင်မီ အပြီးရေးဆွဲသွားရန် လျာထားပြီ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းမယ့် အခွန်နှင့်ပတ်သက်သော ကင်းလွတ်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ မသန်စွမ်းသူများ ဝေပုံကျ နှုန်းထားအရ အလုပ်ခန့်ရန် ကိစ္စရပ်များ၊ မသန်စွမ်းသူများ၏ မှတ်ပုံတင်ကိစ္စရပ်များမှာ အမျိုးသားကော်မတီ ဖွဲ့စည်းပြီးမှသာ ဆက်လက်ဆွေးနွေး၍ ထည့်သွင်း ပြဋ္ဌာန်းပေးနိုင်မှာ ဖြစ်ပါတယ်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အချို့သော ပုဒ်မများဟာ မြန်မာနိုင်ငံရဲ့ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများအတွက်ပါ အကောင်အထည်ဖော်ဆောင်ရွက်နေရသော ဝန်ကြီးဌာနများအနေနဲ့ အခက်အခဲအချို့ ရှိနေသေးသဖြင့် တိကျသေချာသော ဆွေးနွေးမှု၊ သဘောတူညီမှုများ ရရှိပြီးမှသာ နည်းဥပဒေမှာ ထည့်သွင်းရန် စီစဉ်လျက်ရှိပါတယ်။

မသန်စွမ်းသူများနဲ့ ပတ်သက်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုတို့မှာ စတင်ဆောင်ရွက်သည့်အဆင့် (Initial Stage) မှ စတင်၍ မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်နိုင်မှုများအား ဦးစားပေး အလေးထားသည့် နိုင်ငံတကာစံနှုန်းများအရ လည်းကောင်း၊ သက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများ၊ အသုံးပြုမည့် မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများအားလုံး ကျေနပ်နိုင်မည့် အခြေအနေရောက်ရှိရန် ဆွေးနွေးညှိနှိုင်းမှုများအား အကြိမ်ကြိမ် ဆောင်ရွက်နေရခြင်းကြောင့် အချိန်ကြန့်ကြာခြင်း ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် မေးမြန်းထားရှိတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်များမှာ ခိုကိုးရာမဲ့ တောင်းရမ်းစားသောက်သူများအား ပြုစုစောင့်ရှောက်၍ ၎င်းတို့ဘဝများ ပြန်လည်ရှင်သန်လာအောင် လုပ်ဆောင်ပေးမည့် စီမံကိန်းတစ်ရပ် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်း ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ကာကွယ်စောင့်ရှောက်ရန် လိုအပ်တဲ့ လူမှုရေးဒုက္ခခံစားနေကြရသူများ၊ ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊

နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ခြင်း၊ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

လမ်းပေါ်နေကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းအသင်းအဖွဲ့မှ ဆောင်ရွက်လျက်ရှိကြပါတယ်။ သို့ရာတွင် ပြန်လည် ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်ရေးဆောင်ရွက်မှုများမှာ တိကျသော လုပ်ငန်းစဥ်၊ လိုအပ်သော ပံ့ပိုးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးသဖြင့် လမ်းပေါ်နေကလေးများ နှင့်တောင်းရမ်းစား သောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုအသိုင်း အဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်နိုင်ရေးအတွက် ရှေ့ပြေးစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့မှာ ဆောင်ရွက်နိုင်ရန်အစိုးရသစ်ရဲ့ ရက်(၁၀၀)စီမံချက်ကာလအတွင်း ရေးဆွဲခဲ့ပါတယ်။ ထိုရှေ့ပြေး စီမံချက် ရေးဆွဲအကောင်အထည်ဖော်ရန် ရှေ့ပြေးစီမံချက် ရေးဆွဲရေးနှင့် ထိုရှေ့ပြေးစီမံချက်ကို အကောင်အထည်ဖော်ရေး လုပ်ငန်းစဥ်များကို ဆောင်ရွက်လျက် ဖြစ်ပါတယ်။ ထိုရှေ့ပြေးစီမံချက်ကို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများမှာ စတင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုရှေ့ပြေးစီမံချက်ရေးဆွဲနိုင်ရေးအတွက် ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့နှင့် ဇွန်လ ၁၀ ရက်နေ့တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှာ ၂၀၁၆ ခုနှစ်၊ မေလ ၁၅ ရက်နေ့၊ ဇွန်လ ၁၈ ရက်နေ့နှင့် ၂၅ ရက်နေ့တို့တွင် လည်းကောင်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ လမ်းပေါ်နေကလေးများ၊ ခိုကိုးရာမဲ့များနှင့် ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်းအား ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှ ၂၀ ရက်နေ့ထိလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှာ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၃၁ ရက်နေ့ထိလည်းကောင်း ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များအပေါ် မူတည်၍ လမ်းပေါ်နေကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး ရှေ့ပြေးစီမံချက်အား ရေးဆွဲခဲ့ပါတယ်။ ၎င်းစီမံချက် အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်တိုင်ဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ပြုလုပ်ရန် စီစဥ်ဆောင်ရွက်လျက် ရှိပါတယ်။ သို့ပါသောကြောင့် ထိုလုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၏ ရလဒ်များအပေါ် မူတည်၍ ၎င်းစီမံချက်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေ ကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ်၊ “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းရှိ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမော လမ်းအား အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် ပျက်စီးနေသော တံတားအမှတ် (၁/၈၀) သံတံတားအဟောင်းအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် မြေပြိုကျသော နေရာများအား ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီရေမြောင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ်၊ “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းရှိ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမော လမ်းအား အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် ပျက်စီးနေသော တံတားအမှတ် (၁/၈၀) သံတံတားအဟောင်းအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မြေပြိုကျသောနေရာများအား ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီရေမြောင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

ဟိုပန်မြို့နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမော လမ်းသည် ဟိုပန်မြို့နယ်ရှိ ဒေသခံပြည်သူများ၏ ဆက်သွယ်သွားလာနိုင်ရေးအတွက် လိုအပ်သော လမ်းမကြီးတစ်ခု ဖြစ်ပါတယ်။ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမောလမ်း၏ မိုင်တိုင်အမှတ် (၇၉/၄)၊ (၇၉/၅) ကြားရှိ တံတားအမှတ်(၁/၈၀)မှာ ၁၉၉၂ ခုနှစ်၌ တည်ဆောက်ခဲ့သော Single Bailey တံတားဖြစ်၍ တံတားခံနိုင်အား နည်းပါးခြင်း၊ ဒေသထွက်ကုန်များ သယ်ဆောင်သော ကားများဝန်ကို မခံနိုင်ပါသဖြင့် လမ်းများပျက်စီး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုဒဏ်ကို ခရီးသွားပြည်သူများ အခက်အခဲများစွာ

ကြုံတွေ့နေရပါတယ်။ ၎င်းအပြင် နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင် တောင်ကျချောင်းများကြောင့် မြေပြိုမှုများ၊ ရေတိုက်စားမှုများ၊ တောင်ပြိုမှုများ၊ ဖြစ်ပွားလေ့ရှိ၍ သဘာဝဘေးအန္တရာယ် ကျရောက်မှုများရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမော လမ်းအား အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် ပျက်စီးနေသော တံတားအမှတ်(၁/၈၀) သံတံတားအဟောင်းအား သွားလမ်း (၂၄)ပေအကျယ်၊ (၄၀)ပေအရှည် သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် မြေပြိုကျသောနေရာ (၃၄)ပေ၊ ကျောက်စီရေထိန်းနံရံနှင့် (၃)ပေ၊ (၂)ပေ အကျယ်၊ မြေသားချဲ့၍ ပေ(၆၀၀)အရှည်၊ (၆)ပေ အမြင့်၊ (၆၀၀)ပေအရှည် ကျောက်စီရေမြောင်း တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား မေးမြန်းတောင်းခံရခြင်း ဖြစ်ပါတယ်။ အားလုံးမင်္ဂလာပါ။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၏ အဓိက လမ်းမကြီး တစ်လမ်းဖြစ်သည့် ကမ်းနားလမ်းကို လူသွားလမ်း ပလက်ဖောင်းအပါ (၂၄)ပေအကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၏ အဓိကလမ်းမကြီး တစ်လမ်းဖြစ်သည့် ကမ်းနားလမ်းကို လူသွားလမ်း ပလက်ဖောင်းအပါ (၂၄) ပေအကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံးကို သာလီစွပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော်က ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တော်မြို့ဟာ ကစ္ဆပနဒီမြစ် (ခ) ကုလားတန်မြစ်ရဲ့ မြစ်ကမ်းပေါ်တွင်တည်ရှိတဲ့ အလွန်သာယာလှပတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ဒီလိုလှပတဲ့ မြို့လေးကို ကျွန်တော်တို့မြို့ပေါ်မှာရှိတဲ့ လမ်းမကြီးတွေက အကျည်းတန် ဖြစ်စေပါတယ်။ ကျွန်တော်တို့ မြို့ပေါ်မှာ ရှိတဲ့ လမ်းမကြီးတွေဟာ ကျဉ်းမြောင်းပြီး စံမမှီတဲ့အပြင် အပေါက်များ၊ ချိုင့်များနှင့် ပြည့်နှက်နေပြီး သွားလာရေးခက်ခဲမှု ရှိနေပါသည်။ ကျောက်တော်မြို့ပေါ်ရှိ ကမ်းနားလမ်းပေါ်တွင် မြို့မဈေးနှင့် မြို့ပေါ်သို့ လာရောက်ကြတဲ့ သင်္ဘောများ၊ စက်လှေများ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတား တည်ရှိပါတယ်။ လမ်းမှာ ကျဉ်းမြောင်းလွန်းသဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြတဲ့ ကားများ၊ သုံးဘီးဆိုင်ကယ်၊ ဆိုက်ကားများနဲ့ ရှုတ်ထွေးနေပါတယ်။ ကမ်းနားလမ်းမှာ ပေ(၅၀၀၀)ခန့်သာ ရှိမှာဖြစ်ပြီး၊ တံတား (၅)စင်း ပါဝင်ပါတယ်။ (၁၅)ပေအကျယ် တံတားတစ်စင်း၊ (၂၀)ပေအကျယ် တံတားနှစ်စင်း၊ (၃၀)ပေ အကျယ် တံတားတစ်စင်း၊ (၇၀)ပေ တံတားတစ်စင်းတို့ ပါဝင်ပါတယ်။ ၎င်းကမ်းနားလမ်းဟာ မြို့နယ်

စည်ပင်သာယာရေးပိုင်လမ်း ဖြစ်သော်လည်း မြို့နယ်စည်ပင်သာယာရေး ဘဏ္ဍာငွေဖြင့် ပြုလုပ်မည်ဆိုပါက နောင် (၁၀)နှစ်၊ (၁၅)နှစ်တောင်မှ ကျွန်တော်တို့ မြို့သူ၊ မြို့သားတွေဟာ လမ်းကောင်းဖြင့် သွားရမည်မှာ မသေချာပါ။ သို့ပါသောကြောင့် ကျွန်တော်တို့ မြို့သူ၊ မြို့သားများကို ငဲ့ညှာသောအားဖြင့် နိုင်ငံတော်ဘဏ္ဍာမှ ကျခံပြီး ပြုလုပ်ပေးမည်ဆိုပါက ကျွန်တော်တို့ မြို့သူ၊ မြို့သားရဲ့ အိမ်မက်များ အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းက ကျောက်တော်မြို့ပေါ်၏ အဓိကလမ်းမကြီး တစ်လမ်းဖြစ်တဲ့ ကမ်းနားလမ်းအား လူသွားလမ်း အပါအဝင် (၂၄)ပေအကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မည်ကို သိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုင်းစံအောင်မှ မေးမြန်းတဲ့ မေးခွန်းကို စတင်ပြီး ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမော ကားလမ်းဟာ အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် ပျက်စီးနေတဲ့ တံတား အမှတ်(၁/၈၀) သံတံတားအဟောင်းအား သွားလမ်း (၂၄)ပေအကျယ်၊ ပေ(၄၀)အရှည် ကွန်ကရစ်သံကူ တံတားအဖြစ် ပြန်လည် ပြုပြင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် မြေပြိုကျသောနေရာများအား (၃၄)ပေ ကျောက်စီရေထိန်းနံရံနှင့် (၃)ပေ၊ (၂)ပေ အကျယ်၊ မြေသားလမ်းချဲ့ပြီးတော့ ပေ(၆၀၀)အရှည်၊ (၆)ပေ အမြင့်၊ ကျောက်စီရေမြောင်း တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမောလမ်းဟာဆိုရင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသရှိ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော လမ်း ဖြစ်ပြီးတော့ လမ်းအရှည်ဟာဆိုရင် ဟိုပန်ကနေပြီးတော့ မိုင်းမောအထိ (၈၅)မိုင်၊ (၃)ဖာလုံ ဖြစ်ပါတယ်။

သိန္ဒီ - ကွမ်းလုံ - ဟိုပန် - မိုင်းမော လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၇၉/၄)နဲ့ (၇၉/၅)၊ အကြားမှာရှိတဲ့ တံတားအမှတ်(၁/၈၀) သံတံတားအဟောင်းဟာဆိုရင် တံတားအရှည်ပေ(၄၀)၊ တစ်လွှာတစ်ထပ် ဘေလီနဲ့ ကျောက်ရိုးစီကမ်းကပ်ခုံ အမျိုးအစားဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့အတွက် အဆိုပါ ဘေလီတံတားဟာဆိုရင် (၂၄)နှစ်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ (၁၃)တန်နဲ့အထက် ပိုမိုသော ဒေသထွက်ကုန် သယ်ဆောင်တဲ့ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ လျက်လည်းရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားအမှတ် (၁/၈၀)မှာရှိ သံတံတား အရှည် ပေ(၄၀)၊ (၂၄)ပေအကျယ် (၂)လမ်းသွား ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ (၃၄)ပေ အကျယ်မြေ သားလမ်းချဲ့ခြင်း၊ (၃)ပေ (၂)ပေ ကျောက်စီရေမြောင်းပြုလုပ်ခြင်း ပေ(၆၀၀) နဲ့ (၆၀၀)ပေ အရှည် မြေထိန်းနံရံ ပြုလုပ်ရန်တို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ရာ ရရှိခြင်းမရှိတဲ့အတွက် ပြည်နယ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေး သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ အဓိက လမ်းမကြီး တစ်လမ်းဖြစ်တဲ့ ကမ်းနားလမ်းအား လူသွားလမ်း ပလက်ဖောင်း အပါအဝင် (၂၄)ပေအကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့မှာရှိတဲ့ ကမ်းနား လမ်းဟာဆိုရင် (၆၀၇၂)ပေ ရှည်လျားပြီးတော့ အဆိုပါလမ်းအား စည်ပင်သာယာအဖွဲ့ရန်ပုံငွေ ကျပ်သန်းပေါင်း (၆၀.၇၄၂)သန်းနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပေ(၆၀၀)အရှည်၊ (၁၆)ပေ၊ (၈) လက်မထု နှစ်ဖက်ကွန်ကရစ်ခင်းခြင်းနှင့် လမ်းလယ်ကျွန်း တည်ဆောက်ခြင်း၊ ခွင့်ပြုရန်ပုံငွေကျပ် (၁၆.၃၆)သန်းနဲ့ ပေ(၄၆၀)အရှည်၊ (၂)ပေအကျယ်၊ (၅)ပေ (၉)လက်မအမြင့် ကမ်းနားလမ်း ကျောက်စီ မြေထိန်းနံရံတည်ဆောက်ခြင်းတို့အား ဆောင်ရွက်ခဲ့ပြီး ဆက်လက်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် (၂၈.၄၄)သန်းနဲ့ (၂၆၈)ပေအရှည်၊ (၁၆)ပေအကျယ်၊ (၈)လက်မထု နှစ်ဖက် ကွန်ကရစ်ခင်းခြင်းနှင့် လမ်းလယ်ကျွန်း တည်ဆောက်ခြင်း၊ ခွင့်ပြုရန်ပုံငွေ ကျပ်(၁၃.၁၆)သန်းနဲ့ ပေ(၃၅၀ အရှည်၊ (၂)ပေအကျယ်၊ (၅)ပေ (၉)လက်မ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ကျောက်တော်မြို့ပေါ်ရှိ အဓိက လမ်းမကြီးဖြစ်တဲ့ ကမ်းနားလမ်းကို လူသွားလမ်း ပလက်ဖောင်းအပါ (၂၄)ပေအကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်မယ့်ကိစ္စနဲ့ပတ်သက်ပြီးတော့ အဆိုပါလမ်းရဲ့ တစ်ရက်ပျမ်းမျှ ယာဉ်သွားလာနှုန်း (AADT)မှာ အစီး(၂၅၀)ဖြစ်တဲ့အတွက် တစ်နေ့တာ ယာဉ်သွားလာမှု အတိုင်းအတာအရ (၁၈)ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်လျှင် လုံလောက်မှုရှိကြောင်း တွေ့ရှိရပါတယ်။ ကမ်းနားလမ်းမှာ ဆောင်ရွက်ရန်ကျန်တဲ့ (၅၂၀၄)ပေအတွင်း လမ်းတာချဲ့ရန် လိုအပ်တဲ့နေရာများမှာ ပေ(၄၀)အကျယ် ရရှိရန် လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေ ကျပ်(၃၇.၈၇)သန်း၊ (၃၈၀၃)ပေ

အား မူလ (၁၂)ပေအကျယ် ကတ္တရာလမ်းမှ (၁၈)ပေ အကျယ် ကတ္တရာလမ်း တည်ဆောက်ခြင်းနဲ့ (၁၂၄၆)ပေအား (၁၈)ပေအကျယ် ကတ္တရာလမ်း တည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေ ကျပ်(၂၉၃)သန်း၊ စုစုပေါင်းကုန်ကငွေကျပ် ကျပ်(၃၃၀.၈၇)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ခွဲဝေရရှိတဲ့ ပြည်နယ်ရန်ပုံငွေ ကျပ်(၂.၀၂၈) ဘီလီယံကို ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ (၁၇)မြို့နယ် ဦးစားပေးအလိုက် ခွဲဝေသုံးစွဲရတဲ့အတွက် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်ရန် လုံလောက်ခြင်းမရှိ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဘဏ္ဍာငွေစီမံခန့်ခွဲမှုအရ ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၀း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]